

# LESSON 7 シュークリームはありますか
## SHÛKURÎMU WA ARIMASU KA

| | | |
|---|---|---|
| アンナ<br>အန်းနာ | ケーキがいっぱいありますね。<br>KÊKI GA IPPAI ARIMASU NE. | ကိတ်မုန့်တွေအများကြီးရှိတယ်နော်။ |
| さくら<br>ဆာ့ခုရာ | すみません、シュークリームはありますか。<br>SUMIMASEN,<br>SHÛKURÎMU WA ARIMASU KA. | တဆိတ်လောက် ...<br>အီကလဲမုန့်ရှိပါသလား။ |
| 店員(てんいん)<br>အရောင်းဝန်ထမ်း | はい、こちらです。<br>HAI, KOCHIRA DESU. | ဟုတ်ကဲ့။ ဒီဘက်မှာပါ။ |
| さくら<br>ဆာ့ခုရာ | シュークリームを２つください。<br>SHÛKURÎMU O FUTATSU<br>KUDASAI. | အီကလဲမုန့် ၂ ခုပေးပါ။ |



## သဒ္ဒါရှင်းလင်းချက်

### ① _ GA ARIMASU ( _ က ရှိတယ်၊ ရှိမယ်)

◈ GA ဆိုတာနာမ်ရဲ့နောက်မှာလိုက်တဲ့ ကတ္တားပြဝိဘတ်ပါ။ အထူးသဖြင့် စကားပြောနေစဉ်မှာ လူတစ်ယောက်၊ အရာဝတ္ထုတစ်ခုကို ပထမဦးဆုံးအကြိမ်ပြောတဲ့အခါ GA ကိုသုံးပါတယ်။

◈ ARIMASU က (ရှိတယ်၊ ရှိမယ်) လို့အဓိပ္ပာယ်ရတဲ့ ကြိယာပါ။

ဥပမာ - KÊKI GA ARIMASU. (ကိတ်မုန့်ရှိပါတယ်)

### ② TSU : ကိတ်မုန့်လိုအရာဝတ္ထုတွေရဲ့အရေအတွက်ကိုဖော်ပြတဲ့ပုဒ်

☞ *အရေအတွက်ပြအသုံးအနှုန်းများ : စာမျက်နှာ ၅၃ သို့*



◈ ၁ ကနေ ၉ အထိကိန်းဂဏန်းတွေရဲ့နောက်မှာ အရေအတွက်ကိုဖော်ပြတဲ့ _ခုလို့အဓိပ္ပါယ်ရတဲ့ TSU ပါရင်ကိန်းဂဏန်းတွေကိုအသံပြောင်းဖတ်ရပါတယ်။

| 1 | 2 | 3 |
|---|---|---|
| HITOTSU | FUTATSU | MITTSU |



## အိုနိမာတိုပဲ




အစားကိုအားရပါးရစားနေတာကိုဖော်ပြတဲ့အိုနိမာတိုပဲပါ။




ပါးစပ်ပိတ်ပြီးဝါးနေတာကိုဖော်ပြတဲ့အိုနိမာတိုပဲပါ။

Created by NHK WORLD © ver. April 2015